# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း ၁၂ ရက် ၊ ၁-၁၂-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနား ကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☼



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသအတွင်းသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များအား လိုက်လံကြည့်ရှုစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက် (၂) ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္လာနေ့။

မန္တလေး

# မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူပါ

ဝတ်စားဆင်ယင်မှုသည် လူသားတိုင်းအတွက် လွန်စွာအရေးကြီးလှသည်။ မြန်မာတို့သည် မိမိရိုးရာအလိုက် ဝတ်စားဆင်ယင်လေ့ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာနိုင်းယှဉ်နိုင်သည်။ မြန်မာတို့တွင် ရှေးခေတ်အဆက်ဆက်ကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ကြသည်။ ယဉ်ကျေးမှုတွင် ဝတ်စားဆင်ယင်မှုသည်လည်း အပါအဝင်ဖြစ်၍ အရေးကြီးပါသည်။ ဝတ်စားဆင်ယင်မှုဆိုင်ရာ မြန်မာ့ရိုးရာဓလေ့တို့သည် ကာလဒေသကိုလိုက်၍ ကွဲပြားမှုရှိသော်လည်း ရာသီဥတုသဘာဝ ပတ်ဝန်းကျင်နှင့် လိုက်ဖက်သော ဣန္ဒြေသိက္ခာကို ထိန်းသိမ်းပေးသောအစဉ်အလာမှာမူမကွဲပြားချေ။ မြန်မာတို့သည် နေရာဌာနအလျှောက်ဝတ်စားဆင်ယင်ကြသည်။ ထို့ပြင်ကျောင်း၊ ရုံး၊ ဈေး စသည်တို့နှင့် သင့်တော်မည့်ဝတ်စုံကိုသာ ဝတ်ဆင်ကြသည်။ ဘာသာရေး၊ လူမှုရေးနှင့်ပတ်သတ်သော ပွဲလမ်းသဘင်တို့တွင်မူ ပွဲထိုင်ဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူရမည်ဖြစ်သည်။ မြန်မာတို့သည်ဝတ်စားဆင်ယင်မှုတွင်လည်း ကိုယ့်မြေကိုယ့်အခြေအနေနှင့်လိုက်လျောညီထွေအောင် တီထွင်ဝတ်ဆင်ခဲ့ကြသည်။ မြန်မာတို့သည် ဟီရိဩတ္တပ္ပတရားပြည့်စုံစွာ မောင်နှင့်နှမ၊ သားနှင့်အမိ မြင်ရုံဖြင့် မတင့်တယ်သော အဝတ်အစားများကို မဝတ်ဆင်ကြပါ။ ထိုမြတ်နိုးဖွယ် မြန်မာတို့၏ အကျင့်စရိုက်ကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မြန်မာအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျ သန့်ရှင်းသပ်ရပ်လုံခြုံစွာ ဝတ်ဆင်သင့်ပါသည်။ သို့သော် ပြောင်းလဲလာသောခေတ်စနစ်အရ မြန်မာ့ဝတ်စုံ တို့၏နေရာတွင် အနောက်တိုင်းဝတ်စုံများက ဝင်ရောက်နေရာယူ လာခဲ့သောအခါ အမျိုးသမီးများ၏ သဘောသဘာဝအတိုင်း နိုင်ငံခြားဖြစ်အထည်တို့၏ ဖြားယောင်းမှုနောက်သို့ ပါခဲ့ရတော့သည်။ မြန်မာအမျိုးသမီးတို့ ကိုယ်တိုင်ရက်ကန်းရက်ကာ အပင်ပန်းခံစရာမလို တော့သော်လည်း မြန်မာတို့၏ အိမ်တွင်းမှုနှင့် ရက်ကန်းပညာတို့မှာမူ မှေးမှိန်ပျောက်ကွယ်မည်ကိုစိုးရိမ်ရသည်။ ထို့ပြင် နိုင်ငံခြားမှ မင်းသား၊ မင်းသမီး သရုပ်ဆောင်တို့၏ အပြုအမူ ဝတ်စားဆင်ယင်မှုများက မြန်မာတို့ကို လမ်းလွဲလိုက်စေရန် မြူဆွယ်နေကြသည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာလူငယ်များအနေဖြင့် အနောက်တိုင်းယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တွင် လမ်းလွဲမလိုက်ရန် တစ်နည်းအားဖြင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်သင့်လှပါသည်။

သို့ဖြစ်ရာမြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသူများဖြစ်ပြီး မိမိတို့ယဉ်ကျေးမှုနှင့် လိုက်ဖက်ညီသော ဝတ်စားဆင်ယင်မှုများကို ရိုးရာမပျက်ဝတ်ဆင်ခြင်းဖြင့် မြန်မာလူမျိုးဖြစ်ရခြင်းအပေါ် ဂုဏ်ယူသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။




## ၃၀ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၉၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ဒုတိယအကြိမ် မဲစာရင်းများအပေါ် door-to-door မြေပြင်ကွင်းဆင်း စစ်ဆေး

**မန္တလေး နိုဝင်ဘာ ၃၀**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် ဒုတိယအကြိမ်မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ နိုဝင်ဘာ ၂၇ ရက်မှ စတင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တိုက်နယ်မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးခဲ့ကြသည်။

ထိုသို့လူဦးရေစာရင်း ကွင်းဆင်းစစ်ဆေးရာတွင် ပုံစံ ၃၊ ပုံစံ ၄၊ ပုံစံ ၄(ဂ) များဖြင့် တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများ ဆောင်ရွက်ပေးခဲ့ကြပြီး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို နိုဝင်ဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**ချမ်းမြေ့မောင်**

## မန္တလေးနေ့စဉ် သတင်းစာ ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အန္တရာယ်ကင်း ပရိတ်တရားနာနှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေး နှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေသော မန္တလေးနေ့စဉ်သတင်းစာ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက သတင်းစာတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာမဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၊ တိုက်ကြပ်ဆရာတော်(ဉာဏတောဝိဘင်္ဂဓရ) (တိပိဋက)သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တယာနိက(ရွှေခြံဆရာတော်) ထံမှ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်း၊ ဒုတိယဌာနမှူး ဒေါ်တင်တင်အောင်၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် ဝန်ထမ်းများတက်ရောက်ကြည်ညို၍ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးသင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ဆရာတော်သံဃာတော်များရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရွှေခြံဆရာတော်ထံမှ ရေစက်ချတရား နာယူကြည်ညိုကြပြီး ဆရာတော်သံဃာတော်များအား ဌာနမှူးနှင့် တာဝန်ရှိသူများက အာရုံဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာ ၂၈ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် အဖြစ်အခမ်းအနားကို ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍ တစ်နှစ်တာကာလအတွင်း မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအများဆုံးထည့်သွင်းခဲ့သော ကြော်ငြာရှင်များနှင့် သတင်းစာလုပ်ငန်းတာဝန်များကို ထူးချွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား ဌာနမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုရသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

❖ အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်

❖ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်

※ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အာကာသပြတိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System အား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အာကာသပြတိုက် (ရန်ကုန်) ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည်ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက် (ရန်ကုန်)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်း စေလွှတ်မည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာမည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာ ဗဟုသုတအကြောင်းအရာများကို ယခုပြတိုက်အတွင်း၌တစ်စုတစ်စည်းတည်း စူးစမ်းလေ့လာခွင့် ရနိုင်တော့မည်ဖြစ်ကြောင်း။

အာကာသပြတိုက်ကို မိမိတို့နိုင်ငံ၏ အနာဂတ် မျိုးဆက်သစ် လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့ သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကို ကျော်လွန်ပြီး အာကာသနှင့် သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကို မွေးဖွားပေးမည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် အာကာသ သိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည် ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိကြောင်း။

စာမျက်နှာ ၄ သို့







**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတကာသံတမန်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းများဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့် နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာ ပြခန်းများအစရှိသည့် စိတ်ဝင်စားဖွယ်ပြခန်းနေရာများကို ထပ်မံထည့်သွင်း ပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေး ကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတို/ရေရှည်တွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO-25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ခြောက်ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE-2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ငါးဦး စုစုပေါင်း လူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ထိုက်တန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ် ဖြစ်သည့် ယနေ့ မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တု



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)အတွင်း ပြသထားမှုများကို လိုက်လံကြည့်ရှုစဉ်။

အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကို မွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)အတွင်း ပြသထားမှုများကို လိုက်လံကြည့်ရှုစဉ်။

စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရှင် လူငယ်များအနေဖြင့် ထိုကဲ့သို့ အာကာသနည်းပညာလှုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းနေရာ နည်းပညာများကို နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာ အသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ် အသုံးချ နယ်ပယ်အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip အား ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် သံတမန်များက အာကာသပြတိုက်(ရန်ကုန်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အာကာသပြတိုက်(ရန်ကုန်)သည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် တည်ရှိပြီး ယခင် နက္ခတ်တာရာပြခန်းအား ခေတ်နှင့်အညီ ဖြစ်စေရေးအတွက် အဆင့်မြှင့်တင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ အာကာသပြတိုက်(ရန်ကုန်) အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင်လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများအား ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**“အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကို မွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်”**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသစီးပွားရေးမြင့်မားလာစေရေးနှင့်လူနေမှုဘဝများမြင့်မားလာစေရေးဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသူအသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အသိအမှတ်ပြုဂုဏ်ယူ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည် စက်မှုအသင်းချုပ်၏(၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် အသင်းသားများနှင့်စုံလင်စွာ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင် တိုင်းရင်းသား မျိုးချစ်ကုန်သည်ကြီးများက "စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်" ဆိုသည့် ခံယူချက်ဖြင့် "ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)" အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများ ပါဝင်စုဖွဲ့မှုဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်" အဖြစ်

**◆ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေ**

**◆ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်**

ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း (၁၀၀)ကျော်သက်တမ်းရှိအဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရ အဆက်ဆက်က အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု အမျိုးသားအဆင့်အဖွဲ့အစည်းကြီး (National Apex Organization) လည်း ဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် "နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ် အပါအဝင် ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်နေသည့် ပထဝီစီးပွားရေးအခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှမိတ်ဖက်အသင်းများ၊ ဒေသတွင်း အသင်းအဖွဲ့များနှင့်ရင်ပေါင်တန်း ဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့် မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင်လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့်စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာ အကြံပြုတင်ပြချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်မှ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

### တိုးချဲ့ဆောင်ရွက်သွားမည်

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်ပြည်တွင်းစားရေရိက္ခာ ဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ ပါ "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များ ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြား အရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏အခြေခံအချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများအပေါ် မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်စသည်များကို ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထား ဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသားအဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့် ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့် အားလျော်စွာ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များ၏ ကောင်းမွန်သည့် အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့်ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့် ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့် ရလဒ်များ ပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပသည့် (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင်နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာ စီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု၊ နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် နိုင်ငံတော်နှင့် လက်တွဲပြီး ဆက်လက်ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုး အထောက်အကူပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

**လယ်ယာကဏ္ဍသည် အဓိကကျ**

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည်အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့်ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် ၃ ခုတွင် “ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဟုပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများလုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍လည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုစာရင်းတွင် ပါဝင်သည်ကို ကုလသမဂ္ဂ၏ အစီအရင်ခံစာအရသိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားကာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသစီးပွားရေး မြင့်မားလာစေရေးနှင့် လူနေမှုဘဝများမြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့်ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ခွန်နှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန်ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်ပဈေးကွက်ရှိပြီးဖြစ်**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးနှင့် ကော်ဖီသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေး ပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာလိုအပ်ချက်ဖြစ်ကြောင်း၊** ထို့ကြောင့် **အဆိုပါ ဂုဏ်သိက္ခာကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို**ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ၏ ဝယ်လိုအားတက်လာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ၂၀၂၄–၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အမှုဆောင်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၂၇
ရက်
သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

❑ စာမျက်နှာ ၂၄ မှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပရိသတ်အင်အားသုံးသောင်းကျော်ကွင်းလုံးပြည့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသား ဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ညီညီသန့် ကျောနံပတ်(၁၀) က မြန်မာအသင်းအတွက် ပထမအဖွင့်ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ၁၄ မိနစ် ၄၂ စက္ကန့်တွင် ဆီးရီးယား U-17 အမျိုးသား ဘောလုံးအသင်းမှ AHMAD ALFARAJ ကျောနံပတ်(၉)က ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ လင်းရောင် ကျောနံပါတ် (၈) အစား ဝင်းမင်းသန့် ကျောနံပါတ် (၆) အား လူစားလဲလှယ်ကစားခဲ့ပြီး ၃၄ မိနစ် ၀၄ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ အနန့်ထူးပိုင် ကျောနံပတ်(၇) က ဒုတိယ အနိုင်ဂိုးအား ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅ မိနစ် စက္ကန့် ၄၀ တွင် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ ODEY ALFASHTAKI ကျောနံပါတ် (၁၆) က ချေပဂိုးအား ထပ်မံသွင်းယူခဲ့သည်။ မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းအနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာ U-17 အမျိုးသားဘောလုံးအသင်း အောင်ပွဲခံစဉ်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ကျောနံပတ် (၃) မြင့်မြတ်ကိုကို၊ ကျောနံပတ်(၄) မျိုးခန့်ကျော်၊ ကျောနံပတ် (၅)အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပတ် (၇)အနန့်ထူးပိုင်၊ ကျောနံပါတ် (၈) လင်းရောင်၊ ကျောနံပါတ် (၁၀)ညီညီသန့်၊ ကျောနံပါတ် (၁၃)မြတ်မင်းသူ၊ ကျောနံပါတ် (၁၅) ဝင်းဇော်၊ ကျောနံပါတ် (၁၆)ချန်လန်တိန့်၊ ကျောနံပါတ် (၁၈) ထက်ဝေယံ၊ ကျောနံပါတ် (၁၉) ရဲနိုင်အောင် အားကစားသမား ၁၁ ဦးတို့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း ၄၅ မိနစ်တွင် ကျောနံပတ် (၁၉) ရဲနိုင်အောင်အစား ကျောနံပတ်(၉) ဒီဝေယံက လည်းကောင်း၊ ကျောနံပတ်(၁၆) ချန်လန်တိန့် အစား ကျောနံပတ် (၂) ပိုင်စိုးကျော်က လည်းကောင်း၊ ကျောနံပတ်(၁၀) ညီညီသန့်အစား ကျောနံပတ်(၂၃)ကောင်းခန့်ကလည်းကောင်း လဲလှယ်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ခြေစစ်ပွဲအဆုံးအဖြတ်သည် အာရှဖလားဝင်ခွင့်ဖြင့် ၁၉ နှစ်ကြာ ဝေးကွာခဲ့ရသည့် မြန်မာ U-17 အသင်းအတွက် အာရှဖလားဝင်ခွင့်ကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက် ဖြစ်ခဲ့သည်။ မြန်မာ U-17 အသင်းသည် အုပ်စုပွဲစဉ်များတွင် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုး - ဂိုးမရှိ၊ အိုမန်အသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်းရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် အာရှ U-17 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေ ၇ ရက်မှ ၂၄ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်နေမှု ပရိသတ်သုံးသောင်းကျော် ကွင်းလုံးပြည့် တစ်ခဲနက်အားပေးစဉ်။ ဓာတ်ပုံ- စိုးညွန့်သော်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၇၆ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ သုံးလုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၇၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိလူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ အားကစားရုံများ၊ မီးစက်ရုံများ၊ ဈေးဆိုင်ခန်းများ၊ စတိုခန်းများနှင့် အလုပ်သမားတန်းလျားများ ဖြစ်သော တစ်ထပ်အဆောက်အအုံလေးလုံး၊ နှစ်ထပ်အဆောက်အအုံ ၆၃ လုံး၊ သုံးထပ်အဆောက်အအုံ ၁၇ လုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး၊ ငါးထပ်အဆောက်အအုံ လေးလုံး၊ ခြောက်ထပ် အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ်အဆောက်အအုံ နှစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံး၊ ၁၆ ထပ် အဆောက်အအုံ တစ်လုံးနှင့် ၁၉ ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၉၈ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်း ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ အလုံး ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည် အသုံးပြုမှုမရှိစေရေး အတွက် သိမ်းဆည်း ချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် အဆောက်အအုံ ၁၈ လုံးကို ထပ်မံ ချိပ်ပိတ် သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက် နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်း ရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်း နိုင်ငံသားအားလုံးကို စစ်ဆေး ပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းပုံ။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် သုံးထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ကိုးထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးနေမှု အပိုင်း(၃)။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်နိုက်ကလပ်အဆောက်အအုံ။

## ပြည်သူများမဲစာရင်းမကျန်ရှိစေရေး (Door to Door) စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၃၀**

မဟာအောင်မြေမြို့နယ် အတွင်းရှိ ရပ်ကွက်များတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲစာရင်းကြေညာထားရာ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ ကျန်ရှိမှုမရှိစေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။



အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ရွှေဘုန်းရှိန်ရပ်ကွက်နှင့် မဟာအောင်မြေအရှေ့ရပ်ကွက်များတွင် မြေပြင်ကွင်းဆင်း၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရဲမင်းလွင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်နှင့် ဝန်ထမ်းများ၊ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာရပ်ကွက်၊ စာရေးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ (Door to Door) မြေပြင်ကွင်းဆင်း၍ ထပ်မံတိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၅၆)

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| လက်ချီ | ၂ - ၁ | တိုရီနို |
| ပီဇာ | ၀ - ၂ | အင်တာမီလန် |
| အတ္တလန္တာ | ၂ - ၀ | ဖီအိုရင်တီးနား |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဆိုစီဒက် | ၂ - ၃ | ဗီလာရီးရဲလ် |
| ဆီဗီလာ | ၀ - ၂ | ဘက်တစ် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဟမ်းဘတ် | ၂ - ၁ | စတုဂတ် |
| ဖရန့်ဖတ် | ၁ - ၁ | ဝုဖ်ဘတ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| လီဟာဗေး | ၀ - ၁ | လိုင်လီ |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ရှမ်းကလေးကျွန်းနှင့် ရွှေခဲကြား ကမ်းနားလမ်းတစ်လျှောက် လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး







**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးစုပ်ထုတ်စက်ရုံအမှတ်(၂) (ရွှေခဲ)နှင့် ရှမ်းကလေးကျွန်းကြား မြို့ပတ်လမ်း (ကမ်းနားလမ်း) လမ်းပိုင်းပျက်စီးမှုအား ပြင်ဆင်နေမှု၊ လမ်းလယ်ကျွန်းများ ပြုပြင်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းလွှာတည်ဆောက်မည့် အောက်အနက် ၄ ပေအတွင်း မြေလွှာလျှောပြတ်၍ ပက်ကြားအက်ကွဲ ဖြစ်ပေါ်နေသည့် မြေများ ဖယ်ရှား၍ လမ်းအောက်ခံမြေသား သတ်မှတ်ရာခိုင်နှုန်းရရှိရန် အလွှာလိုက်ခင်းကြိတ်ခြင်း၊ Liquefaction ၊ Sand Boil နှင့် Ground Crack ဖြစ်ပေါ်နေသော အပိုင်းများတွင် မြေသားအားဖြည့်လွှာအဖြစ် Geo Material များ အသုံးပြုခင်းခြင်း၊ လမ်းလယ်ကျွန်းဧရိယာအတွင်း မလွတ်ကင်းသည့် သစ်ပင်များ ရွှေ့ပြောင်း၍ သတ်မှတ်ရေထုတ်မြောင်းစနစ် ထည့်သွင်းခြင်းနှင့် လမ်းလယ်ကျွန်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း စသည့် ဆောင်ရွက်နေသည့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းအသုံးပြုသူများ အခက်အခဲမရှိ ချောမွေ့စွာ သွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စေရန် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ Door to Door စနစ်ဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်နှင့် ကျီကုန်းကျေးရွာတို့သို့ ယနေ့ နံနက် ၁၀ နာရီက စတင်ကာ ပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး door to door စနစ်ဖြင့် ကွင်းဆင်းစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစည်သူနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။ (အောက်ဖဲပုံ)

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပုသိမ်ကြီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်းရှိ မဲဆန္ဒရှင်စာရင်းများအား မှန်ကန်စွာပြုစုနိုင်ရေး၊ မဲစာရင်းတွင် ပါဝင်နိုင်ရေး၊ မဲစာရင်း အတိုး/အလျှော့များ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကျန်ရှိမှု မရှိစေရေး၊ စာရင်းကွာဟမှု မရှိစေရေးတို့အား ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မဲစာရင်း ပြည့်စုံမှန်ကန်ရေး စိစစ်ရေးအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး၊ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးနေမှုများကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စာနည်းကိုကို(ပြန်/ဆက်)





# ရောမင်းမိုးစပါး စံကွက်ရိတ်သိမ်း တစ်ဧက အစိုအထွက်တင်း ၁၁၅ ဒသမ ၈၅ တင်း ထွက်ရှိ

**အမရပူရ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာရှိ တောင်သူ ဦးစိုးနိုင်၏ ကွင်းအမှတ် ၅၇၀(င)၊ ဦးပိုင်အမှတ် ၆၈/၂ ဂျိုကုန်းကွင်းရှိ ရောမင်းမိုးစပါး စိုက်ဧက ၂ ဒသမ ၄၉ ဧကတွင် နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနက ဦးဆောင်၍ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးချစ်ကိုကို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် တောင်သူများကို မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဆယ်တင်က ရောမင်းမိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုရိတ်သိမ်းသော မိုးစပါးစံကွက်တွင် တစ်ဧက အစိုတင်း ၁၁၅ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။ (ဝဇ၄)

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဒန်နီရယ်ဖာကီကို နည်းပြရာထူးမှ ထုတ်ပယ်ရန် လိဒ်စ်အသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၃၀**

ပရီးမီးယားလိဂ်ကလပ် လိဒ်စ်အသင်းသည် နည်းပြ ဒန်နီရယ်ဖာကီကို နည်းပြရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိသည်။

လိဒ်စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲ၌ တန်ဆင်းဇုန်နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဒန်နီရယ်ဖာကီကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဒန်နီရယ်ဖာကီသည် လိဒ်စ်အသင်းကို ၂၀၂၃ခုနှစ် ဇူလိုင် ၄ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁၈ပွဲတွင် ၆၄ပွဲနိုင်၊ ၂၈ပွဲသရေ၊ ၂၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဒန်နီရယ်ဖာကီ အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လိဒ်စ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## 2025 IEB + Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Mayar Sherif တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၃၀**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီဂျစ်တင်းနစ်မယ် Mayar Sherif တက်ရောက်ခဲ့သည်။



အဆိုပါ အီဂျစ်တင်းနစ်မယ် Mayar Sherif သည် 2025 IEB + Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Caroline Dolehide ကို ၃-၆၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီဂျစ်တင်းနစ်မယ် Mayar Sherif နှင့် အမေရိကန်တင်းနစ်မယ် Varvara Lepchenko တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)




## ကိုပါလေဘာတာဒိုးစ်ဖလား ချန်ပီယံဆုကို ဖလာမင်ဂိုအသင်း ဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၃၀**

၂၀၂၅ကိုပါလေဘာတာဒိုးစ်ဖလား ချန်ပီယံဆုကို ဖလာမင်ဂိုအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။(အပေါ်ပုံ)

ဖလာမင်ဂိုအသင်းသည် ကိုပါလေဘာတာဒိုးစ်ဖလား ဗိုလ်လုပွဲအဆင့်တွင် ပါးမီးရပ်စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖလာမင်ဂိုအသင်းသည် ကိုပါလေဘာတာဒိုးစ် ဖလား ချန်ပီယံဆုကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဖလာမင်ဂိုအသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ ကိုပါလေဘာတာဒိုးစ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအတွက် ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်ထားသည်။ (NGB)

## နည်းပြ ပယ်လီဂရီနီ ဘက်တစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် နိုဝင်ဘာ ၃၀**

ဘက်တစ်အသင်းသည် အသင်းနည်းပြ ပယ်လီဂရီနီကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘက်တစ်အသင်းကို ၂၀၂၀ခုနှစ်



ဇူလိုင် ၉ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၇၅ပွဲတွင် ၁၂၉ပွဲနိုင်၊ ၇၆ပွဲသရေ၊ ပွဲ ၇၀ရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၇၂)နှစ်အရွယ်ရှိ ပယ်လီဂရီနီက "ကျွန်တော် ဘက်တစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အန်ဒရီလူးဝစ်သည် အသင်းတွင် ဆက်ရှိသွားမည်ဟု ရီယိုအဗီအသင်း အတည်ပြု

**လန်ဒန် နိုဝင်ဘာ ၃၀**

ပေါ်တူဂီကလပ် ရီယိုအဗီအသင်းက အသင်းတောင်ပံကစားသမား အန်ဒရီလူးဝစ် အနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင် ဆက်ရှိသွားမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဆန်းဒါးလန်း၊ ဘရန့်ဖို့ဒ်၊ နော့ဝှစ်ချ်၊ ပို့စ်မောက်စသည့် ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



တောင်ပံကစားသမား အန်ဒရီလူးဝစ်သည် ရီယိုအဗီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ပွဲ ကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ရီယိုအဗီအသင်းထုတ်ပြန်ချက်တွင် "အန်ဒရီလူးဝစ်အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ"ဟုထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ထရိုဆက်ဒ်သည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၃၀**

အာဆင်နယ်အသင်း တောင်ပံကစားသမား ထရိုဆက်ဒ်သည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိနေသည်။



အဆိုပါ တောင်ပံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ထရိုဆက်ဒ်တွင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ် အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ထရိုဆက်ဒ်သည် အာဆင်နယ်အသင်းတွင် ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၀ ပွဲကစားပြီး ၃၃ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)

## ရာမို့စ်သည် ဆောင်းရာသီဈေးကွက်အတွင်း မွန်တာရေးအသင်းမှ ထွက်ခွာမည်

**လန်ဒန် နိုဝင်ဘာ ၃၀**

မွန်တာရေး အသင်းမှ ဝါရင့်နောက်ခံကစားသမား ရာမို့စ်သည် လာမည့်ဆောင်းရာသီ



ဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ရာမို့စ်သည် အသက်အရွယ် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းတွင် ကျဆင်းခြင်းမရှိသေးဘဲ မွန်တာရေး အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ ပွဲ ကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ရာမို့စ်အနေဖြင့် မွန်တာရေးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

## ကိုမိုအသင်းသည် ၁၂ပွဲဆက် ရှုံးပွဲမရှိ စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် နိုဝင်ဘာ ၃၀**

စီးရီးအေကလပ် ကိုမိုအသင်းသည် ၁၂ပွဲဆက် ရှုံးပွဲမရှိ စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ (ယာပုံ)

ကိုမိုအသင်းသည် စီးရီးအေ ပွဲစဉ်အဖြစ် ဆက်ဆူအိုလိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်စ်က "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း ယခုလို ရှုံးပွဲမရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ကိုမိုအသင်းသည် စီးရီးအေ ပွဲစဉ် ၁၃ပွဲကစားအပြီးတွင် ရမှတ် ၂၄မှတ်ဖြင့် အဆင့် ၆နေရာတွင် ရပ်တည်လျက်ရှိသည်။(NGB)



### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂-၁၂-၂၀၂၅ | ဗယ်လက်ကာနို - | ဗလင်စီယာ | ဗယ်လက်ကာနို ၁-၁ ဗလင်စီယာ |
| နံနက် ၀၂:၃၀ နာရီ | (L,W,D,D,L) | (L,W,L,D,W) | ဗလင်စီယာ ၀-၁ ဗယ်လက်ကာနို |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂-၁၂-၂၀၂၅ | ဘိုလော့ဂ်နာ - | ခရီမိုနီ | ဘိုလော့ဂ်နာ ၁-၁ ခရီမိုနီ |
| နံနက် ၀၂:၁၅ နာရီ | (W,D,W,W,W) | (D,W,L,L,L) | ခရီမိုနီ ၁-၅ ဘိုလော့ဂ်နာ |

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးရှေ့ နန္ဒာလမ်းတစ်လျှောက် ဘေးဝဲ၊ ယာ လမ်းတိုးချဲ့ခြင်း ပြီးစီးမှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပြင်ဦးလွင် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားကန်တော်ကြီးရှေ့ နန္ဒာလမ်းတစ်လျှောက် ဘေး ဝဲ၊ ယာ လမ်းတိုးချဲ့ခြင်းလုပ်ငန်းခွင်ပြီး စီးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်အား မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က နန္ဒာ လမ်းတစ်လျှောက် ဘေး ဝဲ၊ ယာ အား ၆ ပေ အကျယ် လျှောက်လမ်းဘေးချဲ့ခြင်းလုပ်ငန်းအား အိုရီယန်တယ်လ် ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မကြာမီ အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ ကျင်းပမည့် ပန်းပွဲတော်သို့ လာရောက်အပန်းဖြေလည်ပတ်ကြမည့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းတိုးချဲ့ခြင်းလုပ်ငန်းအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးကိစ္စရပ်များကို ကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာနှင့် အဖွဲ့အား ဖြည့်စွက်မှာကြားပြီးနောက် စက်ယန္တရားများ အသုံးပြု၍ အခြေခံမြေလွှာ ကျစ်လျစ်မာကျောစေရန် ကျောက်ရောမြေအား ရေဖျန်းစက်ကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့တွင် အဓိကလမ်းမကြီးများ ဘေး ဝဲ၊ ယာတွင် ရောင်စုံပန်းအလှစိုက်ခင်းများ ဆောင်ရွက်ပြီးစီးမှု၊ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများအား လုပ်သားများဖြင့် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေစဉ်)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်ဝန်ထမ်းများအား (၁၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခု ဘဏ္ဍာရေးနှစ်အတွင်း (၁၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို နိုဝင်ဘာ(၂၈)ရက် နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရုံး(မနော်ရမ္မ)တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်း ၁၅၀ စည်း၊ ခရမ်းသီး ၃၅ထုပ်၊ ချဉ်ပေါင် ၁၄၀ စည်းနှင့် ငှက်ပျောသီး ၂၂ ဖီး တို့ကို သန့်ရှင်းရေးဌာန (မဟာအောင်မြေမြို့နယ်)ရှိ ဝန်ထမ်း ၂၁၈ ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့ကို ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀

## မြန်မာနိုင်ငံနှင့် မတ်ပဲ ကုန်သွယ်မှု MoU သက်တမ်းတိုးရေး အိန္ဒိယအစိုးရ ဆွေးနွေးမှုစတင်



မြန်မာနိုင်ငံနဲ့ မတ်ပဲကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) သက်တမ်းတိုး၊ မတိုးနှင့်ပတ်သက်ပြီး အိန္ဒိယအစိုးရအဖွဲ့ထဲက ဝန်ကြီးဌာနတွေအကြား ဆွေးနွေးမှု စတင်နေပြီဟု သိရသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံ၏ မတ်ပဲထုတ်လုပ်မှုကျဆင်းနိုင်ခြင်းကြောင့် အခုကဲ့သို့ ဆွေးနွေးမှုများ ဖြစ်ပေါ်လာပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက မတ်ပဲ MoU ကို သက်တမ်းတိုးရန် တွန်းအားပေးနေခဲ့သည်ဟု အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနတွေအကြား တိုင်ပင်ဆွေးနွေးမှုတွေ စတင်နေပြီဖြစ်ပေမယ့် နောက်ဆုံးဆုံးဖြတ်ချက် မချရသေးပါဘူး"ဟု ဆိုသည်။

၂၀၂၅ ခုနှစ် မတ်လမတိုင်မီ လွတ်လပ်စွာ တင်သွင်းခွင့်အစီအစဉ် (Open General License-OGL) ရရှိရေး အိန္ဒိယအစိုးရနဲ့ G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီက မေလမှာ ပြောကြားခဲ့သည်။

OGL အရ မတ်ပဲတန်ချိန် နှစ်သိန်းခွဲ တင်သွင်းခွင့်ရှိသော်လည်း အိန္ဒိယအစိုးရက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံကနေ မတ်ပဲတန်ချိန် ခုနစ်သိန်းကျော် တင်သွင်းခဲ့ပြီး မတ်ပဲတင်သွင်းမှု စုစုပေါင်းရဲ့ ၈၇ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ မတ်ပဲထုတ်လုပ်မှုမှာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂ ဒသမ ၁ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး မတ်ပဲ MoU သက်တမ်းတိုးခြင်းက မြန်မာစိုက်ပျိုးသူတွေကို ပဲမျိုးစုံ ဆက်လက်စိုက်ပျိုးဖို့ ယုံကြည်မှုရှိစေတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောသည်။

အိန္ဒိယအစိုးရက သဘောတူညီချက်ကို သက်တမ်းကုန်ဆုံးစေပြီး တင်သွင်းမှုကို လျှော့ချရင် ပဲပုပ်(သို့မဟုတ်)နေကြာကဲ့သို့ မျိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရဖွယ်ရှိပြီး နောင်တစ်ချိန် အိန္ဒိယက ပြန်လည်တင်သွင်းရန် လိုအပ်လာပါက အခက်အခဲဖြစ်လာနိုင်သည်ဟု ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း စိုက်ဧကနဲ့ စိုက်ပျိုးသီးနှံပုံစံတွေ တည်ငြိမ်နေတာကြောင့် အိန္ဒိယသို့ တင်ပို့မှုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က တင်ပို့မှုနီးပါးအထိ ရှိနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## အာမခံထားရှိ အဆောက်အအုံပျက်စီးမှုအတွက် အာမခံလျော်ကြေးငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ်အာမခံလျော်ကြေးငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊၁၀၅လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားရှိ ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ (GWI) တွင် ကျင်းပသည်။

သဘာဝဘေးအန္တရာယ်အာမခံလျော်ကြေးငွေပေးအပ်ပွဲတွင် ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ(GWI) မှ တာဝန်ရှိသူတစ်ဦးက (GWI) မှ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝဘေးအန္တရာယ်အာမခံထားရှိသူများအတွက် အာမခံလျော်ကြေးငွေများကို မြန်ဆန်စွာ စိစစ်ပေးလျော်ခဲ့ပြီးဖြစ်၍ ယခုအခါ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအတွက် နောက်ဆုံးလျော်ကြေးဖြစ်ပါကြောင်း ပြောကြားပြီး သဘာဝဘေးအန္တရာယ်အာမခံထားရှိသူ ဦးခင်မောင်ဌေး၊ အမှတ်(ဃ-၈၅)၊ နဝရတ်လမ်း၊ ရွှေတော်ဝင်လမ်းသွယ်(၃)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့အား လျော်ကြေးငွေကျပ်သိန်း ၄၀ အား ပေးအပ်ရာ အဆောက်အအုံပိုင်ရှင်ကိုယ်စား (GWI) အာမခံကိုယ်စားလှယ် ဦးမြင့်ဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**




(GWI)မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် ဒေသအချို့မှ သဘာဝဘေးအန္တရာယ်အာမခံထားရှိသူများအတွက် အချိန်တိုအတွင်း မြန်ဆန်စွာ စိစစ်ပေးလျော်ခဲ့ပြီးဖြစ်ရာ ယခုတွင် ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုအတွက် နောက်ဆုံး လျော်ကြေးငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။**(၀၇၀)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

## ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

### ဒေါ်လာ ၅၀၀ မပြည့်တဲ့ Nova Flip S ဖုန်း Huawei မိတ်ဆက်

ဈေးသိပ်မကြီးတဲ့ Pocket-friendly ခေါက်ဖုန်းရှာနေရင် Nova Flip S လေး မဆိုးဘူးလို့ ပြောရမှာပါ။

အရင်နှစ်တုန်းက ထွက်ခဲ့တဲ့ Huawei Nova Flip ဒီဇိုင်းကိုမှ Feather Black၊ White , Azure Blue၊ Green ,Soft Pink ၊ Star Black ဆိုပြီး ကာလာအစုံနဲ့ လာပါတယ်။ ကျောဘက်မှာလည်း ၂ ဒသမ ၁၄ လက်မရှိ OLED cover display ပါဦးမှာပါ။

Nova Flip S က သိပ်ထူးထူးခြားခြား Upgrade လုပ်ထားတာတော့ မရှိပါဘူး။ အရင်နှစ်ကလိုပဲ ၆ ဒသမ ၉၄ လက်မ 1-120Hz LTPO display ၊ 4400m Ah ဘက်ထရီ၊ 66W charging စနစ်တွေ ပါပါမယ်။ SoCနဲ့ ပတ်သက်လို့တော့ Huawei ဘက်က ထုတ်ပြောမထားပါဘူး။



Screen အခေါက်အတွန့် မဖြစ်အောင် Flip ခေါက်တိုင်း အတွန့်ရာ အဖြစ်နည်းတဲ့ Water Drop Hinge စနစ်ကို သုံးပါတယ်။ ဒီပတ္တာ Hingeu Swiss SGS ရဲ့ အကြိမ် ၁ ဒသမ ၂ သန်း ခေါက်နိုင်ကြောင်း ထောက်ခံချက်ရထားတယ်လို့ ဆိုပါတယ်။

ကင်မရာကိုတော့ 50MP Main Sensor (f/1.9) နဲ့ 8MP Ultrawide သုံးပြီး ရှေ့မှာ 32MP selfie ပါပါမယ်။ တရုတ်မှာ Pre-order လက်ခံနေတဲ့ ဒီဖုန်းက 8/256GB ကို ၃၃၈၈ ယွမ် (၄၇၅ ဒေါ်လာ) ဈေးက စတာမို့ ဈေးမဆိုးဘူးလို့ ပြောရမှာပါ။

ATK

### အာကာသစခန်းမှာ အာကာသမီးဖို(Smokeless Oven)နဲ့ ချက်ပြုတ်စားသောက်နိုင်ပြီ

အာကာသထဲမှာ အစားအစာတွေကို ပြန်နွေးစားရုံပဲ လုပ်လို့ရတယ်ဆိုတဲ့ ခေတ်ကကုန်သွားပါပြီ။ တရုတ်အာကာသယာဉ်မှူးတွေဟာ အခုဆိုရင် တရုတ် အာကာသစခန်းပေါ်မှာ ကြက်တောင်ပံကင်တွေ၊ Steak တွေကို ပထမဆုံးအကြိမ်အဖြစ် ကိုယ်တိုင် ချက်ပြုတ်၊ ကင်တာလုပ်ပြီး စားပြခဲ့ပါတယ်။

အာကာသ မီးဖိုက တရုတ်အာကာသယာဉ်မှူးတွေ ကြိုပ်ပတ်လမ်းထဲမှာလည်း ကိုယ့်အိမ်မှာလို အစားအသောက်ပူပူနွေးနွေး ချက်စားနိုင်အောင် တီထွင်ထားတာပါ။ အာကာသထဲမှာ အသားကင်စားနိုင်အောင် အပူထိန်းချုပ်မှု၊ အစားအသောက်အကြွင်းအကျန် သိမ်းဆည်းမှု စတဲ့ နည်းပညာပိုင်းဆိုင်ရာ အောင်မြင်မှုတွေရဲ့ ရလဒ်အဖြစ် မီးခိုးမီးမထွက်ဘဲ ချက်နိုင်တဲ့ မီးဖိုတစ်လုံး ဖြစ်လာတာပါ။

ခုလို ချက်ပြုတ်နိုင်ခဲ့တာဟာ Shenzhou-20နဲ့ Shenzhou- 21 မစ်ရှင်တွေမှာ တစ်ခါတည်း သယ်ဆောင်သွားတဲ့ 'မီးခိုးမထွက်တဲ့ အာကာသမီးဖို '(Smokeless Oven) အသစ်ကြောင့် ဖြစ်ပါတယ်။ မီးဖိုဟာ အပူချိန်မြင့် ဓာတ်ကူစနစ်တွေနဲ့ အလွှာလိုက် စစ်ထုတ်တဲ့ နည်းပညာကို သုံးထားတာကြောင့် အာကာသစခန်းထဲမှာ မီးခိုးတွေ၊ ဆီတွေ လုံးဝမထွက်ဘဲ ဘေးကင်းကင်း ချက်ပြုတ်နိုင်ပါတယ်။

အင်ဂျင်နီယာတွေက ဆွဲငင်အားမရှိတဲ့ (Zero Gravity) နေရာမှာ အစားအစာတွေ လေထဲပျံ့ဝဲမနေအောင် မီးဖိုထဲမှာ အလိုအလျောက် 'လှည့်ပတ်တဲ့ခြင်း' (Rotating Basket) ကို အထူး တပ်ဆင်တည်ဆောက်ထားတာပါ။ တရုတ်အာကာသယာဉ်မှူးစင်တာက ထုတ်ပြန်လိုက်တဲ့ ဗီဒီယိုထဲမှာတော့ ယာဉ်မှူးတွေဟာ ၂၈ မိနစ်ပဲကြာတဲ့ ချက်ပြုတ်ချိန်အပြီးမှာ လတ်လတ်ဆတ်ဆတ်ကင်ထားတဲ့ ကြက်တောင်ပံတွေကို အရသာခံ စားသုံးနေတာကို ပြသခဲ့ပါတယ်။



'အာကာသ မီးဖို 'ဟာ ၁၉၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်ရောက်ရှိပြီး အစားအစာတွေကို အရင်လို 'ပြန်နွေးတာ 'မဟုတ်ဘဲ ချက်တာ၊ ပြုတ်တာ၊ ကင်တာတွေကို လုပ်ဆောင်နိုင်တာပါ။ တရုတ်နိုင်ငံရဲ့ 'အာကာသ မီးဖိုချောင်' စနစ်ဟာ တိုးတက်လာနေပြီး အာကာသယာဉ်မှူးတွေဟာ အခုဆိုရင် ဟင်းလျာပေါင်း ၁၉၀ ကျော်ကို ရွေးချယ်နိုင်ပြီဖြစ်သလို စခန်းပေါ်မှာ ကိုယ်တိုင်စိုက်ထားတဲ့ ဆလတ်ရွက်၊ ခရမ်းချဉ်သီးတွေနဲ့ ကန်စွန်းဥတွေကိုတောင် ရိတ်သိမ်းစားသုံးနိုင်မှာပါ။

ATK

### စီမံကိန်းသီးနှံနေကြာစိုက်သမဝါယမအသင်းသားတောင်သူများသို့ မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်

**ညောင်ရွှေ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်ရှိ ဆောင်းနေကြာစိုက် သမဝါယမအသင်းသားတောင်သူများသို့ မျိုးနှင့် သွင်းအားစုများပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးလှထွဏ်းက မျိုးနှင့်သွင်းအားစုပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ်ရှိ နေကြာစိုက်သမဝါယမအသင်းများသို့ Suryakiran နေကြာမျိုးနှင့် သွင်းအားစုမြေသြဇာများကို ပြည်နယ်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ညောင်ရွှေမြို့နယ်တွင် သမဝါယမအသင်း ၁၀ သင်းမှ နေကြာစိုက်ဧက ၁၇၀၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း၊ မျိုးနှင့် သွင်းအားစုလိုအပ်သော သမဝါယမအသင်းသုံးသင်းမှ အသင်းသားတောင်သူ ၁၃၄ ဦး၏ ဆောင်းနေကြာ ၆၄၆ ဧက အတွက် မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)

* - * - * - * - *



### ပဲတီစိမ်းအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ မိုးပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် နိုဝင်ဘာဒုတိယ သီးတင်းပတ်က ငွေကျပ် ၃၂၅၀၀၀- ၃၄၅၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာ တတိယသီတင်းပတ်တွင် ငွေကျပ် ၃၂၀၀၀၀-၃၄၀၀၀၀ သို့ ကျဆင်းလာကြောင်း သိရသည်။

'နယ်တွေကလည်း အဝင်စိတ်လာသလို ပြည်ပနိုင်ငံတွေကလည်း ခုသီတင်းပတ်အတွင်း အဝယ်သိသိသာသာ လျော့နေတယ်။ အဲဒါကြောင့် ဈေးကွက်ထဲမှာ ဝယ်သူနည်းသွားပြီး ဈေးနှုန်း ကျဆင်းလာတာဖြစ်ပါတယ်။ အခုအနေအထားအရတော့ဈေးက အကျဘက်ကို ဦးတည်နေတယ် 'ဟု ကုန်သည်တစ်ဦးက ပြောသည်။

ပဲတီစိမ်းတွင် အများအားဖြင့် မိုးသီးနှံနှင့် ဆောင်းသီးနှံဟူ၍ရှိပြီး မိုးသီးနှံကို ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စတင်စိုက်ပျိုး၍ နိုဝင်ဘာ၊ ဒီဇင်ဘာလတွင် ထွက်ပေါ်လေ့ရှိကြောင်း၊ ဆောင်းသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုး၍ မတ်လနှင့် ဧပြီလများတွင် လှိုင်လှိုင်ထွက်ပေါ်ကြောင်း သိရသည်။

ပဲတီစိမ်းမှာ ပြည်ပဝယ်အားရှိသည့် ပဲတစ်မျိုးဖြစ်ခြင်း၊တစ်သီးတွင် သုံးကြိမ်ခန့်အထိ ခူးဆွတ်နိုင်ခြင်းတို့ကြောင့် တောင်သူတွက်ချေကိုက် သီးနှံဖြစ်လာပြီး နောက်ပိုင်းကာလများတွင် ရေ၊ သွင်းအားစုထည့်သွင်းနိုင်မှုအပေါ်မူတည်၍ သုံးလတစ်သီးစိုက်ပျိုးလာကြကြောင်း သိရသည်။

ပဲတီစိမ်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီး၊ မတ္တရာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းမှာ သုံးလတစ်ကြိမ် ထွက်ပေါ်ပြီး မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် သီးနှံအဟောင်း၊ အသစ်များကို အရည်အသွေးအမျိုးအစားအမျိုးမျိုး တစ်နှစ်ပတ်လုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

### ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၊ သီးနှံပေါ်ချိန် ဈေးကောင်းရရှိရေးမျှော်လင့်

**ကျွန်းလှ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ်ဆောင်းရာသီ စိုက်ပျိုးသော ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိရေး မျှော်လင့်နေကြသည်။

ကျေးရွာနေ တောင်သူများ ချောင်းဘေးတစ်လျှောက်ရှိ ယာမြေများတွင် ချောင်းရေတင်စနစ်နဲ့ ဟင်းသီးဟင်းရွက်မျိုးစုံကို နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးကြတယ်။ ဒီနှစ်ဆောင်းရာသီမှာ ဂေါ်ဖီထုပ် အပင်၂၀၀၀ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်။ယခုအခါ သီးနှံပေါ်တော့မှာဖြစ်တဲ့အတွက် ဈေးကောင်းရရှိဖို့ မျှော်လင့်နေရပါတယ် 'ဟု ရှမ်းစုကျေးရွာ ဂေါ်ဖီထုပ် စိုက်ပျိုးသူ ဦးတင်စိန်က ပြောသည်။



ဟင်းသီးဟင်းရွက်စိုက်ပျိုးကြသည့်တောင်သူများအား ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံများထွက်ရှိရေး၊ သွင်းအားစုများကုန်ကျစရိတ်သက်သာစွာ သုံးစွဲနိုင်ရေးအတွက် ဒေသထွက်ပစ္စည်းများဖြင့် သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ကိုက်လန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းရွက်စသည့် သီးနှံများ စိုက်ပျိုးကြကြောင်း၊ မိသားစုဝင်ငွေ ရရှိကြပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

ဝတ္ထုတိုကဏ္ဍ




# အဖြူရောင် နလုံးသား

## မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)

ည ၁၂ နာရီလောက်ကတည်းက ရွာသောမိုးကား ယခုမိုးလင်းချိန်အထိ မစဲသေး။ ကောင်းကင်တစ်ခုလုံး အုံ့ဆိုင်း မည်းမှောင်၍နေ၏။ သဲသဲမဲမဲ ရွာသည့် မိုးစက်၊ မိုးပေါက်များ အောက်တွင် လူငယ်နှစ်ယောက် မိုးကာအင်္ကျီအထုပ်ကိုယ်စီဖြင့် ငါးသိုင်းချောင်းမြို့ ဆိုက်ကားဂိတ်သို့ ရောက်ရှိလာသည်။ "အမြန်ရထားမီပါဦးမလား မသိဘူး။ ခုချိန်ထိ ဆိုက်ကားသမားတွေ ဂိတ်ကို မရောက်သေးဘူး"။ ဖြိုးမောင်မောင်နှင့် လရောင်လင်းထွဋ်တို့နှစ်ဦးသည် ဟသ်ာတ တက္ကသိုလ်တွင် တက်ရောက်နေကြသော တတိယနှစ်ကျောင်းသားများ ဖြစ်သည်။ သူတို့၏မိဘများက ရေလုပ်ငန်းနှင့် စီးပွားရေး ချောင်လည်ကြသူများ ဖြစ်သည်။ တစ်ရွာလုံးတွင် သူတို့နှစ်ဦးသာ တက္ကသိုလ်တက်နိုင်သည်ဟုဆိုကာ အခြား သက်တူ၊ ရွယ်တူ လူငယ်များကို အဖက်လုပ်၍ စကားမပြောကြပေ။ ဒေါင့်ကြီးကျေးရွာမှ ၄၀ဝန် မြစ်ကူးတံတားအတိုင်း ၁၀ မိနစ်ခန့် လမ်းလျှောက်ပါက ငါးသိုင်းချောင်းမြို့ကို ရောက်ရှိပါသည်။ ငါးသိုင်းချောင်းမှတစ်ဆင့် ရထားစီးကာ ဟသ်ာတသို့ သွားပြီး ကျောင်းတက်ရခြင်းဖြစ်သည်။

ယခုလည်း တနင်္လာနေ့ကျောင်း ပြန်ဖွင့်သည့်အတွက် မိုးရွာနေသည့်ကြားမှ အမြန်ရထားအမီ ဘူတာသို့ သွားနိုင်ရန်အတွက် ငါးသိုင်းချောင်း ဆိုက်ကားဂိတ်သို့ သူတို့နှစ်ဦးရောက်ရှိလာခြင်းဖြစ်သည်။ ထိုအချိန် မိုးရေထဲ၌ ပလတ်စတစ်အစိမ်းရောင်ကို ကိုယ်တွင်ခြုံကာ ခမောက်ကို ခပ်စိုက်စိုက် ဆောင်း၍ နင်းလာသော ဆိုက်ကားသမားတစ်ယောက် ရောက်လာသည်။

"ဘာလို့ နောက်ကျနေတာလဲ။ ဘူတာကို သွားမလို့ ကိုယ့်အလုပ်ကို လေးစားမှပေါ့ကွ။"

မနက်က ဆိုက်ကားထွက်ခါနီး နောက်ဘီးတွေ လေမရှိလို့ စစ်ကြည့်လိုက်တော့ ဘီးပေါက်နေလို့ ဆရာရေ။ အဲ့ဒါဖာနေရတာနဲ့ မိနစ် ၂၀ လောက် နောက်ကျသွားတာ တောင်းပန်ပါတယ်ခင်ဗျာ"

သူတို့နှစ်ဦးမှာ ဆိုက်ကားပေါ်သို့ ဆောင့်အောင့် တက်ထိုင်လိုက်သော အခါ ဆိုက်ကားလေးမှာ သိမ့်ခနဲ တုန်ခါသွားလေသည်။

"ဆရာတို့ရယ် ဖြည်းဖြည်းတက်လည်း ရသားနဲ့၊ ကျွန်တော်တို့မှာ ချမ်းသာတာဆိုလို့ မိဘနှစ်ပါးရဲ့ ဒီဆိုက်ကားလေးပဲ ရှိတာပါ။"

လူငယ်ဆိုက်ကားသမားလေးက တောင်းပန်တိုးလျှိုးသော လေသံအေးအေးဖြင့် ဖြိုးမောင်မောင်ကို ပြောလိုက်၏။ "ဒါနဲ့ မင်းကို ဒီဆိုက်ကားဂိတ်မှာ တစ်ခါမှမတွေ့ဘူးလို့ မင်းက ဘယ်ကလဲ" လမ်းခုလတ်အရောက်တွင် လရောင်လင်းထွဋ်က ဆိုက်ကားသမားလူငယ်ကို အကဲခတ်၍ လူငယ်က အေးဆေးတည်ငြိမ်စွာဖြင့် …

"ကျွန်တော်က ငါးသိုင်းချောင်းက ဆိုက်ကားဆရာ "ဦးနု"ရဲ့ သားလေ၊ ကျွန်တော်ရွာကို ပြန်ရောက်တုန်း အဖေ့ကို ခဏနားခိုင်းပြီးတော့ ဆိုက်ကားနင်းနေတာ။" လူငယ်၏အဖြေစကားကြောင့် ဖြိုးမောင်မောင်က ဝင်ပြီး မေးလိုက်ပြန်၏။

"ဒါဆို မင်းက ဘယ်သွားနေတာလဲ"

"မြို့မှာ အလုပ် လုပ်ရင်း ကျောင်းတက်နေတာပါ။" "ဟား … ဟား … ဟား" လူငယ်၏စကားကြောင့် သူတို့နှစ်ယောက် သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြ၏။

"ဟေ့ ဆိုက်ကားသမားသားက မြို့မှာနေပြီး ကျောင်းတက်သတဲ့လား။ ဆိုက်ကားသမားက မြို့မှာ အလုပ် လုပ်ရင်း စားပွဲထိုးအလုပ်ပဲ ရမှာ၊ ရွာမှာ နေပြီး ဆိုက်ကားနင်းတာကမှ ပိုက်ဆံ မြိုးမြိုးမြက်မြက်ရပြီး ထမင်းနပ်မှန်အောင် စားရဦးမယ် ဟား … ဟား … ဟား။"

**'ပေါ် … ဘူး … ပေါ်'** ဘူတာသို့ မီးရထားဝင်လာပြီဖြစ်ကြောင်း ဥသြဆွဲလာသည့်အသံကြောင့် လရောင်လင်းထွဋ်တို့ နှစ်ဦးသား ဆိုက်ကားခ အမြန်ရှင်းကာ ဘူတာထဲသို့ ပြေးဝင်သွားကြသည်။

ယနေ့ သောကြာနေ့ဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်သည့်အတွက် ဖြိုးမောင်မောင်တို့ သူငယ်ချင်းနှစ်ဦး ရွာကို ညနေရထားကြုံသဖြင့် ပြန်လာခဲ့ကြသည်။ မိုးချုပ်နေပြီဖြစ်သဖြင့် အိမ်အပြန်လမ်းအတွက် တွေးပြီး စိုးရိမ်မိသမျှ ဆိုက်ကားသမားလူငယ်ကို တွေ့သဖြင့် စိတ်အေးသွားရသည်။ ဆိုက်ကားနှင့် အပြန်လမ်းတွင် "ဆိုက်ကား ခဏရပ်ပါဦး၊ ငါ အပေါ့သွားချင်လို့ မနေနိုင်တော့ဘူး။" ရေကြည်နှင့် ငါးသိုင်းချောင်း လမ်းခုလတ်တွင် သူငယ်ချင်းနှစ်ဦး အပေါ့သွားစဉ် "အား ကိုက်ပြီ … အား …" မြွေဟော့ မြွေ၊ သတ် … သတ် မြက်ခင်းအစပ်တစ်နေရာတွင် အပေါ့သွားနေရင်း ဖြိုးမောင်မောင်၏အော်သံကြောင့် ဆိုက်ကားသမားလေးတွင် အသင့်ပါလာသော လက်နှိပ် ဓာတ်မီး၏ အကူအညီဖြင့် နီးစပ်ရာ ခဲလုံးများနှင့် ထုသတ်ကြရာ မြွေမှာ ထိုနေရာတွင် သေလေပြီ။ ဖြိုးမောင်မောင်မှာ ယာဘက် ခြေမျက်စိအထက်ကို ဆုပ်ကိုင်ရင်း ထိုင်ပြီး ရှုံ့မဲ့နေလေသည်။

"အဆိပ်ရှိတဲ့မြွေကိုက်ရင် အသက်အန္တရာယ်ရှိတယ်လေ၊ ဆေးခန်းကို အမြန်ပို့ရမယ်၊ အချိန်မီရောက်ရင် စိုးရိမ်စရာမလိုပါဘူး၊ အခုခေတ် ဆေးဝါးတွေက အရမ်းကောင်းတယ်၊ မြွေဆိပ်မပျံ့အောင် တားမှရမယ်။" ဖြိုးမောင်မောင်၏ ခြေဖမိုးမှ မြွေစွယ်ရာဝန်းကျင်ကို လူငယ်က ဆိုက်ကားဘောက်ထဲက ရေဘူးထဲမှ ရေဖြင့် ဆေးကာ သူ၏အင်္ကျီစကို ဖြဲ၍ ခြေချင်းဝတ်နားမှ ပတ်တီးစည်းလိုက်၏။

"ဟေ့ ဟိုတစ်ယောက် ဘာလုပ်နေတာလဲ၊ လာ ဆိုက်ကားပေါ် တွဲတင်ပေးပါဦး။" လူငယ်လုပ်နေသော အပြုအမူများကို ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေသော လရောင်လင်းထွဋ်မှာ ဆိုက်ကားဆရာလေးက တစ်ဖက်၊ သူက တစ်ဖက် ဖြိုးမောင်မောင်၏ ကျိုင်းက မ,ထူ၍ ဆိုက်ကားပေါ်သို့ တင်လိုက်ကြသည်။

"ခဏနေဦး၊ မြွေကို ကျွန်တော် သွားကြည့်လိုက်ဦးမယ်" "ဟောဗျာ ဆေးခန်းကိုသာ အမြန်သွားစမ်းပါ၊ မြွေသားစားချင်ရင် ပြီးမှ ပြန်လာယူ။"

"စားချင်လို့မဟုတ်ပါဘူး မြွေအမျိုးအစား သိချင်လို့ပါ။" "သိတော့ မင်းက ဘာလုပ်မှာလဲ၊ အလကားကောင် အချိန်ကုန်အောင်လို့" ဆိုက်ကားသမားလေးသည် မြွေအမျိုးအစားကို သေချာမှတ်သား၍ တစ်ချိန်လုံး အပြစ်တင်စကားပြောနေသည့် လရောင်လင်းထွဋ်၏ စကားကို ဂရုမစိုက်ဘဲ မြန်ဆန်သွက်လက်စွာ ဆေးခန်းသို့ အသားကုန်နင်းလေတော့သည်။

ည ၈ နာရီလောက်တွင် ကျေးလက်ဆေးပေးခန်းသို့ ရောက်ရှိလာသည်။ ရောက်ရှိချိန်တွင် ဖြိုးမောင်မောင်မှာ မြွေဆိပ်ကြောင့် သတိလစ် မေ့မြောနေလေသည်။ လရောင်လင်းထွဋ်က ကျန်းမာရေးမှူးကို သွား၍ အကြောင်းကြားသည်။ ထို့နောက် ဖြိုးမောင်မောင်ကို တွဲ၍ ခုတင်ပေါ် တင်လိုက်သည်။

"လူနာကိုကိုက်တဲ့ မြွေအမျိုးအစားကို သိခဲ့ရလားခင်ဗျာ" ဖြိုးမောင်မောင်၏ ခန္ဓာကိုယ်ကို စမ်းသပ်ရင်း မေးလိုက်သည့် ကျန်းမာရေးမှူး၏မျက်နှာကို တည်ငြိမ်စွာ ကြည့်၍ မှျော်လင့်မထားသော အင်္ဂလိပ်ဘာသာစကားဖြင့် အဖြေကို ပြောလိုက်သောအခါ အံ့သြသွားပြီး လူငယ်၏ အသွင်အပြင်မှာ သာမန်ဆိုက်ကားသမားအဖြစ် ပေါ်လွင်လှသည်။ သူ၏ အသားအရေမှာ ညိုသည်၊ နဖူးတက်ကြွနေသော သူ၏မျက်နှာအသွင်အပြင်မှာ ကြည်လင်ချိုမြ၍ အသက် ၂၀ ဝန်းကျင်ခန့်ဟု ခန့်မှန်းမိသည်။ ထိုလူငယ်ပြောပြနေသည်မှာ ဆေးပညာအရ အဆိပ်ပြင်းသော မြွေအမျိုးအစားနှင့် ဆေးကုသမှုဝေါဟာရဖြစ်ပါသည်။

ထို့နောက် လူငယ်သည် ကျန်းမာရေးမှူးနှင့် ထပ်မံ၍ စကားအချို့ ပြောလိုက်ပြန်သည်။ ထိုအချိန်မှာ ကျန်းမာရေးမှူး၏ မျက်နှာသည် ဝင်းလက်သွားပြီး ကျေးဇူးတင်စကားပြောကာ ဆေးကုသမှုကို စတင် လိုက်ပါသည်။

ဖြိုးမောင်မောင်နှင့် လရောင်လင်းထွဋ်မှာ လူငယ်နှင့် ကျန်းမာရေးမှူးတို့ လူနာ၏ အခန်းအတွင်းမှ အပြန်အလှန် ပြောနေသော စကားများကို နားထောင်ရင်း နားမလည်နိုင်စွာ အံ့သြနေကြသည်။ ၁၅ မိနစ်ခန့်အကြာတွင် အခန်းအတွင်းမှ လူငယ်ထွက်လာပြီး ဖြိုးမောင်မောင်၏ ပခုံးကို ကိုင်ကာ လရောင်လင်းထွဋ်အား ခင်ဗျားသူငယ်ချင်းအတွက် စိတ်အေးလိုက်တော့ဗျာ၊ ဆေးခန်းကို ကျွန်တော်တို့ အချိန်မီရောက်ပြီး ဘာမှစိုးရိမ်ကြောင့်ကြစရာမရှိတော့ပါဘူးဗျာ" အခုခေတ် အဆိပ်ဖြေဆေးတွေက အရမ်းကောင်းတယ်။ လူနာကိုစောင့်ရင်း အားပေးလိုက်ပါဦး။ ခဏနေရင်း သတိရလာတော့မှာပါ။ ကျွန်တော် ခင်ဗျားတို့ မိဘတွေဆီကို အသိပေးပြီးမှ ကျွန်တော် အိမ်ပြန်မှာပါ။ ကဲသွားခွင့်ပြုဦးဗျာ။ ပြောပြောဆိုဆို လူငယ်မှ သွက်လက်စွာ ထွက်ခွာသွားသည်။

"ဟေ့ … ဟေ့လူ ခဏနေဦး" လရောင်လင်းထွဋ်က ဆိုက်ကားခ မပေးရသေး၍ အိတ်ထဲမှ ပိုက်ဆံကို ထုတ်ကာပေးလိုက်သည်။

"နေပါစေဗျာ၊ မယူပါရစေနဲ့ … ခင်ဗျားတို့ ဒုက္ခရောက်နေလို့ ကျွန်တော်က ကူညီပေးတာပါ" နောက်တစ်နေ့ နံနက်တွင် လူငယ်ဆိုက်ကားသမား ရောက်လာကာ

"ဆရာ လူနာအခြေအနေကောင်းတယ်နော်"

"သိပ်ကောင်းပါတယ် ဒေါက်တာ … အဲ"

"ဟာ ဆရာကလည်း ကျွန်တော့်ကို အဲ့လိုမခေါ်ပါနဲ့ဗျာ" လူငယ်က ရယ်ရွှင်စွာ တောင်းပန်စကား ဆိုလေသည်။ ကျန်းမာရေးမှူးက သဘောကျစွာ ရယ်လေသည်။ သူနာပြုဆရာမလေးက လူငယ် အတွက် ထိုင်ခုံတစ်လုံး စီစဉ်ပေးသည်။ လူငယ်က မထိုင်၊ မတ်တတ်ပင် ရပ်နေသည်။

"ကျန်းမာရေးမှူးမှ ရင်းနှီးသွားပြီဖြစ်၍ ကိုလရောင်ဟုပင် ခေါ်လေသည်။ ကျွန်တော် မပြောဘူးလားဗျာ၊ အခုခေတ် ဆေးတွေက အရမ်းကောင်းတာမို့လို့ ကြောက်စရာမဟုတ်ဘူး။ ဆေးရုံ၊ ဆေးခန်းကို အချိန်မီရောက်ဖို့ လိုတယ်။ အခုတော့ အားလုံးစိတ်ချရပါပြီ" ရှက်ခြင်း၊ အားနာခြင်း၊ လေးစားခြင်းများစွာနဲ့ လရောင်က ခေါင်းကို အခါခါ ညိမ့်ပြသည်။

"ကျွန်တော်တို့ ဒေါက်တာအပေါ် ပြစ်မှားစော်ကားမိတဲ့အတွက် အပြစ်တွေကို ခွင့်လွှတ်ပါခင်ဗျာ။" "ဟာ ကိုလရောင်ကလည်း ခင်ဗျားတို့ပြောတဲ့ စကားတွေကို ဗွေမယူပါဘူးဗျာ၊ ခင်ဗျားတို့မှာ အပြစ်မရှိပါဘူး၊ ရှိခဲ့ရင်လည်း ကျွန်တော်က ခွင့်လွှတ်ပြီးသားပါဗျာ"

ထိုအချိန်တွင် ဖြိုးမောင်မောင်၏ အဖေက ကျွန်တော်က "ဦးခင်"ပါဗျာ ငါ့တူက ငါးသိုင်းချောင်း မြို့သစ်ရပ်ကွက်ထဲက ဆိုက်ကားဆရာ ဦးနုရဲ့သား ဆိုတာရယ်၊ ပညာရေးမှာ လူရည်ချွန် သုံးထပ်ကွမ်းဆိုတာရယ်၊ ယခုဆိုရင် အစိုးရထောက်ပံ့ကြေးနဲ့ "ဆေးတက္ကသိုလ်" နောက်ဆုံးနှစ်တက်နေတယ်ဆိုတာကို ကျန်းမာရေးမှူးက ပြောပြလို့ သိထားရပါပြီ။ အခုလို ကျောင်းနားချိန်မှာ အဖေ့ ဆိုက်ကားအလုပ်ကို ကူပြီး နင်းပေးနေတာရယ်၊ ဦးရဲ့သားကို ကိုက်တဲ့မြွေဟာ အဆိပ်ပြင်းတဲ့မြွေပွေး၊ ငွေကြေးအဖိုးအခမယူဘဲ အချိန်မီဆေးခန်းကို ပို့ပေးလို့ အသက်ရှင်တဲ့အကြောင်း အကုန်သိပြီးပါပြီ။ ဦးတို့က သားကို မွေးပေးခဲ့တာပါ။ ဦးသားရဲ့အသက်က ငါ့တူပေးတဲ့အသက်ပဲ ရှိတာ၊ အဲ့ဒီအတွက် ငါ့တူကို အထူးကျေးဇူးတင်ပါတယ်ကွာ။

"ကျေးဇူးတင်စရာမလိုပါဘူး ဦးရယ်၊ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေက ကိုယ့်ရှေ့မှာ အသက်အန္တရာယ်ရှိနေတဲ့ လူနာကို ကယ်တင်ရမယ့် တာဝန်က ကျွန်တော်တို့ရဲ့ အဓိကတာဝန်မဟုတ်လား။ ပြီးတော့ ကျွန်တော်က ကျောင်းမပြီးသေးလို့ ဆရာဝန်မဖြစ်သေးသလို ကုသခွင့်လည်း မရှိသေးပါဘူး။ ဦးရဲ့သားကို တကယ် ကယ်လိုက်တာက ကျေးလက်ကျန်းမာရေးမှူးကြီးပါဗျာ"

"ကဲ ကိုဖြိုးမောင်မောင်လည်း သက်သာနေပြီဆိုတော့ နေမမြင့်ခင် အလုပ်သွားလိုက်ပါဦးမယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ" လူငယ်က ရိုကျိုးစွာ အားလုံးကို နှုတ်ဆက်၍ ဆိုက်ကားလေးကို ခွန်အားအပြည့်ဖြင့် နင်းရင်း ဆေးခန်းထဲမှ ထွက်ခွာသွားလေသည်။

"တကယ့်ကို မာနတရားကင်းပြီး ကျွန်တော်တို့တိုင်းပြည်ရဲ့ အဖိုးတန်လူငယ်လေးပါဗျာ၊ ဒီလို လူတော်လေးတွေ ကျွန်တော်တို့တိုင်းပြည်မှာ အများကြီး ပေါ်ထွန်းနိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ" ကျန်းမာရေးမှူးက သူ့ရင်ထဲက ဆန္ဒကို အများသိအောင် နှုတ်မှ ထုတ်ဖော်ပြောကြားရင်း ခေါင်းတညိမ့်ညိမ့်ဖြင့် ကျန်ရစ်နေတော့သည်။

**'ရှင်လန်းချမ်းမြေ့ကြပါစေခင်ဗျာ'**

**သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ**

**အားလုံးအား ဦးညွှတ်လျက်။**

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြင့်မားရေး(ဆင့်ပွား)သင်တန်း ပြုလုပ်



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၌ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းဘောင်ဆိုင်ရာ အရည်အသွေး မြင့်မားရေး(ဆင့်ပွား) သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် ဆရာ၊ ဆရာမများအတွက် နှစ်စဉ်ငါးနှစ် စီမံကိန်းဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုမြင့်တက်လာစေရေး၊ သင်ကြားမှု၊ သင်ယူမှုနှင့် အကဲဖြတ်မှုနည်းလမ်းသစ်များကို ပညာရေးကဏ္ဍ အရည်အသွေး မြင့်တင်ရန်နှင့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည် ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ နည်းပြသုံးဦးက သင်တန်းသား၊ သင်တန်းသူ ၆၁ ဦးကို သင်တန်းကာလနှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**အလင်းသစ်**

**(ချမ်းစည်-ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ပြုလုပ်

**မြို့သစ် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဆူးတပ်ကြီးကျေးရွာအုပ်စု၊ ဆူးတပ်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပညာပေးပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိဖွန်(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေး လူငယ်စကားဝိုင်းပြုလုပ်



**မိုင်းယောင်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့ အ·လ·က(ခွဲ)(ဟိုရမ်း)၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကလေးအလုပ်သမား ပပျောက်ရေး လူငယ်စကားဝိုင်း ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ကလေးအလုပ်သမား ပပျောက်ရေး လူငယ်စကားဝိုင်း ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက "ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ" အကြောင်းကို ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် "ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့် ကလေးအလုပ်သမား၏ အသက်အရွယ်" အကြောင်း၊ "သင့်ကြောင့်" အကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်(၃)ရပ်နှင့် "အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ" အကြောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများမှ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၅၀၅)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ကျောက်ဆည် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်းတွင် အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိရေး၊ ထူးချွန်သူများဖြစ်လာစေရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးအကြောင်းများကိုလည်းကောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ"၊ "ပညာရဲရင့် ပွဲလယ်တင့်" စသည့်ခေါင်းစဉ်များဖြင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။ (၄၈၅)



ဖတ်စရာ၊ မှတ်စရာ စုံလင်

## ကလောင်ရှင်တို့ရဲ့ လမ်းပြကြယ်

* စာပေ သတင်းပညာကို
ယဉ်ယဉ်ကျေးကျေးနဲ့ ထက်မြက်စေဖို့
မှန်ကန်ခြင်း ရိုးသားခြင်းတွေနဲ့
ထိုင်မသိမ်း ဝတ်ထားပေးသောသူ ။

* ပင်လယ်သေမှာ ဇင်ယော်တွေပျော်ဖို့
လေထန်ခြင်းကို ဖန်တီးပေးတဲ့
နတ်သားတစ်ပါးလို ကလောင်အစွမ်းနဲ့
နလုံးသားတိုင်းကို ကိုင်လှုပ်ခဲ့သူ ။

* စာပေအရေးဆိုတာ
ရိုးရှင်းသော
အပြစ်ကင်းသော ဝိသေသကို
ရေးစပ်မှုတွေနဲ့ သက်သေပြခဲ့သူ ။

* ဆရာရယ် ...
အယ်လ်ကိုဟောဆိုတာ
မှန်းဆမရသော တစ်နေ့နေ့မှာသာ
အငွေ့ပျံသွားမှာ သိပေမယ့်
မှသားမပါတဲ့
ဆရာ့ကဗျာ အယ်လ်ကိုဟောတွေ
စောစောပျံသွားတော့
သင်္ခါရဆိုတာကို
ကျွန်တော်အပြစ်ပုံချလိုက်ချင်ရဲ့။

* ဒါပေမယ့် ...
ဆရာ နလုံးသားရင်းပြီး
သန့်ရှင်းအပြစ်ကင်းစွာ ပန္နက်ချခဲ့တဲ့
ဆရာ့ စာပေအရေးအသားတွေ
နောင်တက်လှမ်းလာမယ့်
မျိုးဆက်သစ်ကလောင်ရှင်တွေကို
ထိုင်မသိမ်း ဝတ်ပေးခဲ့ပါပြီ
ပင်လယ်သေလည်း မဲ့စေခဲ့ပါပြီ
မျိုးစေ့ချလို့ သက်သေတည်ခဲ့ပါပြီ ။
ဆရာကြီး ကောင်းရာဘုံဘဝမှာ
အေးချမ်းသာယာပါစေ ။ ။

**(၃၀-၁၁-၂၀၂၅)ရက်နေ့ အမျိုးသားစာပေဆုရှင် ဆရာကြီး နတ်မောက်ထွန်းရှိန် ကွယ်လွန်ခြင်း (၆)နှစ်ပြည့် ဂါဝရပြုပါသည်။**

သူ့ထက်ဆန်း

❖ သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင် …

❖ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်…

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြုလုပ်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင်ပြောကြားသောအမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။




၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ညီညီသန့် ဦးဆောင်ဂိုးသွင်းယူစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းအား ငွေကျပ်သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းအား ငွေကျပ်သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)၏ ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၇ သို့ ❑

## အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)တွင် မန်ယူ၊ လီဗာပူး၊ ဘရိုက်တန်၊ အက်စတွန်ဗီလာတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် နိုဝင်ဘာ ၃၀**

အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)တွင် မန်ယူ၊ လီဗာပူး၊ ဘရိုက်တန်၊ အက်စတွန်ဗီလာ အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက မန်ယူအသင်းနှင့် ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ မန်ယူအသင်းက ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ဇက်ဇီ၊ ပွဲချိန် ၆၃ မိနစ်တွင် မေဆန်မောင့်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၃၅ မိနစ်က လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၀ မိနစ်တွင် အီဆက်ခ်၊ ပွဲချိန် (၉၀+၂) မိနစ်တွင် ဂက်ပိုတို့က သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်တွင်လည်း ဘရိုက်တန်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ အက်စတွန်ဗီလာအသင်းက ဝုဖ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးနိုင်ပွဲရရှိခဲ့သည်။

(NGB)

